MYANMAR AGRO EXCHANGE PUBLIC COMPANY LIMITED.
No. 262-264, Pyay Road, Dagon Centre (1), Block (A), 4th Floor, Sanchaung Township, Yangon, Myanmar.
Tel : 95-1-503928, 503929, 514226 Fax : 95-1-516616

**၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်အတွက် အမြတ်ဝေစုခံစားခွင့်ရှိသည့် အစုရှယ်ယာများအတွက်**

**အမြတ်ဝေစုများအား ထုတ်ယူနိုင်မည့် အစီအစဉ်များကို အသိပေးကြေညာချက်**

မြန်မာအက်ဂရိအိတ်(စ်)ချိန်း အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်၏ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်အတွက် အမြတ်ဝေစု (Dividend) ခံစားခွင့်ရှိသော အစုရှယ်ယာရှင်များ၏ အမြတ်ဝေစုများကို ၂၀၂၃ ခုနှစ်၊ အောက်တိုဘာလ (၉) ရက်နေ့မှစ၍ အောက်ပါအစီအစဉ်အတိုင်း ထုတ်ပေးသွားမည်ဖြစ်ပါသည်။

**(၁) ငွေချေးသက်သေခံလက်မှတ်စာရင်းဖွင့်လှစ်ထားသော အစုရှယ်ယာရှင်များ**

ငွေချေးသက်သေခံလက်မှတ်စာရင်းဖွင့်လှစ်ထားသော အစုရှယ်ယာရှင်များအနေဖြင့် မိမိတို့ဖွင့်လှစ်ထားသည့် ငွေချေးသက်သေခံလက်မှတ်စာရင်းနှင့် ချိတ်ဆက်ထားသော ဘဏ်အကောင့်များသို့ တိုက်ရိုက်လွှဲပြောင်းပေး မည်ဖြစ်ပါသည်။ အဆိုပါအစုရှယ်ယာရှင်များ ဝယ်ယူထားသော 3rd Right Issue ရှယ်ယာများအတွက် ရရှိမည့် အမြတ်ဝေစုများကိုပါ တပေါင်းတည်း လွှဲပြောင်းပေးသွားမည်ဖြစ်ပါသည်။

(၂) **ငွေချေးသက်သေခံလက်မှတ်စာရင်းဖွင့်လှစ်ထားခြင်းမရှိသော အစုရှယ်ယာရှင်များ**

ငွေချေးသက်သေခံလက်မှတ်စာရင်းဖွင့်လှစ်ထားခြင်းမရှိသေးသော အစုရှယ်ယာရှင်များအနေဖြင့် အမြတ်ဝေစု ထုတ်ပေးရန် အောက်ပါ အချက်အလက်များ အပြည့်အစုံကို ထင်ရှားစွာ ဓါတ်ပုံရိုက်၍ အစုရှယ်ယာရှင်၏ အီးမေး(သို့မဟုတ်)ဖုန်း Viber ဖြင့် MAEX ရှယ်ယာဌာနEmail share@maex.com.mm သို့မဟုတ် Viber ဖုန်းနံပါတ် 09889955485 သို့ ပေးပို့တောင်းခံရပါမည်။

(က) အစုရှယ်ယာလက်မှတ် Share Certificate (ရှေ့/နောက်)။

(ခ) အစုရှယ်ယာရှင်၏ မှတ်ပုံတင် (ရှေ့/နောက်)၊

(ဂ) အမြတ်ဝေစုလွှဲပေးရမည့် ဘဏ်စာရင်း(သို့) Pay နံပါတ်/အမည်

အစုရှယ်ယာရှင်များ ပေးပို့သော ဘဏ်စာရင်းအမှတ် (သို့) Pay နံပါတ်သို့သာ အမြတ်ဝေစုများ လွှဲပြောင်းပေးသွားမည် ဖြစ်ပါသည်။

အစုရှယ်ယာအနည်းငယ်ပိုင်ဆိုင်သည့် အစုရှင်များအဆင်ပြေစေရန်အတွက် အစုရှယ်ယာ ၁ စု မှ ၁၀၀၀၀ စုထိ ပိုင်ဆိုင်သော အစုရှယ်ယာရှင်များအနေဖြင့် ငွေသားထုတ်ယူလိုပါက MAEX ရုံးချုပ်တွင်လည်း အစုရှယ်ယာလက်မှတ် Share Certificate (မူရင်းနှင့် မိတ္တူ) ၊ အစုရှယ်ယာရှင်၏ မှတ်ပုံတင် (မူရင်းနှင့် မိတ္တူ) တို့နှင့်အတူ အစုရှယ်ယာရှင်ကိုယ်တိုင် လာရောက် ထုတ်ယူနိုင်ပါသည်။

***တည်ဆဲဝင်ငွေခွန် ဥပဒေအရ ရရှိမည့် အမြတ်ဝေစုအပေါ်တွင် ဝင်ငွေခွန်ထပ်မံ ပေးဆောင်ရန် မလိုပါ။

ဒါရိုက်တာအဖွဲ့

မြန်မာအက်ဂရိအိတ်(စ်)ချိန်း အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်